(ပုံစံ - ၁၁)

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{နည်းဥပဒေ ၂၃(စ)}

ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၁ / ၂၀၁၄)

| | | |
|---|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)<br>ဦးခင်မောင်ဝင်း၊လ/ထအထွေထွေမန်နေဂျာ၊<br>မြန်မာဆိပ်ကမ်းအာဏာပိုင်၊<br>ဆိပ်ကမ်းမြို့နယ်။ | } | လျှောက်ထားသူများ |

နှင့်

| | | |
|---|---|---|
| ဦးဝင်းမောင်(ပါ)အလုပ်သမား(၁၀၈)ဦး<br>လန်းပြီပင်လယ်ရေကြောင်းကုမ္ပဏီ<br>ဆိပ်ကမ်းမြို့နယ်။ | } | လျှောက်ထားခြင်းခံရသူများ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ဇန်နဝါရီလ ၂၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ မြန်မာဆိပ်ကမ်းအာဏာပိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)၊ ဦးခင်မောင်ဝင်း (လက်ထောက်အထွေထွေမန်နေဂျာ)နှင့် အလုပ်သမားဦးဝင်းမောင်ပါ(၁၀၈)ဦး တို့ဖြစ်ပွားကြသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၉၇/၂၀၁၃)အရထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှထုတ်ပယ် ခြင်းခံရသည့် အတွက်အလုပ်ထုတ်နစ်နာကြေး တောင်းခံရာမှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ် သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး၊ အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူက အောက်ပါကောက်ချက်(၁)ချက်အပေါ်တွင် ဆုံး ဖြတ်ခဲ့သောဆုံးဖြတ်ချက် အမှတ်(၁)ကိုကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ် သည်။

**<u>ကောက်ချက်အမှတ်(၁)</u>။** ဦးဝင်းမောင်ပါ နေ့စားအလုပ်သမား(၁၀၈)ဦးမှ မြန်မာဆိပ်ကမ်းအာဏာပိုင်သို့ အလုပ်ထုတ်နစ်နာကြေး တောင်းခံခြင်းဖြစ်သည်။

**<u>ဆုံးဖြတ်ချက်အမှတ်(၁)</u>။** နေ့စားအလုပ်သမား ဦးဝင်းမောင်ပါ(၁၀၈)ဦးအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တစ်နေ့လျှင်နေ့စားခ (၁၀၀၀ိ/-)ကျပ် (ကျပ်တစ်ထောင်တစ်ရာတိတိ)နှုန်းဖြင့် နို့တစ်ကြေး(၁)လစာ နှင့် လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာကြေး(၄)လစာ၊ စုစုပေါင်း(၅)လစာအား ပူးတွဲပါဇယား အတိုင်းပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် တောင်းဆိုခြင်းခံရသူ ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)၊ ဦးခင်မောင်ဝင်း လက်ထောက်အထွေထွေမန်နေဂျာက ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသည့်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်(၁၃၀/၂၀၁၃)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ်(၁/၂၀၁၄)ကိုကြားနာ စစ်ဆေးမည့်ခုံအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည် -

| စဉ် | အမည် | |
|---|---|---|
| (၁) | ဦးစိုးညွှန့် | ဥက္ကဋ္ဌ |
| (၂) | ဦးဌေးအောင် | အဖွဲ့ဝင် |
| (၃) | ဦးရဲနိုင်ဝင်း | အဖွဲ့ဝင် |

၆။ ခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှုတွဲကို လက်ခံရရှိပြီးနောက်(၂၁.၁.၂၀၁၄)ရက်နေ့ တွင် စုံညီရုံးထိုင်၍ လျှောက်ထားသူနှင့် လျှောက်ထားခြင်းခံရသူတို့၏ ထွက်ဆိုချက်၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ဆောင်ရွက်ချက်မှတ်တမ်းများ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်များကို လေ့လာသုံးသပ်စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

၇။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်တွင် နေ့စားအလုပ်သမား ဦးဝင်းမောင်ပါ(၁၀၈)ဦးကို လုပ်သက်အလိုက်အလုပ်ထုတ်နစ်နာကြေးပေးရန် ဆုံးဖြတ်ချက်အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ နေ့စားအလုပ်သမားများဖြစ်၍ ဥပဒေပါပြဋ္ဌာန်းချက်မရှိဘဲ ခံစားခွင့်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းအပေါ် နစ်နာသည်ဟုဆိုကာ တင်ပြခဲ့ခြင်းဖြစ်သည်။

သုံးသပ်ချက်အမှတ်(၁)။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လန်းပြိုင်လယ်ရေကြောင်း ကုမ္ပဏီလီမိတက်သို့လွှဲပြောင်းစဉ် နေ့စားအလုပ်သမားများအား သေချာစွာ ရှင်းလင်းပြသမှုမရှိခြင်းကြောင့် အလုပ်သမားများက အစိုးရနှင့် ကုမ္ပဏီတို့ အကျိုးတူလုပ်ကိုင်နေသည်ဟု သိထားကြောင်း၊အလုပ်သမားများသည် နေ့စား၊နေ့ရှင်းလုပ်သားများဖြစ်သော်လည်း၊ ကျွမ်းကျင်လုပ်သားများဖြစ်သည်ဟု ကိုယ့်ကိုယ်ကို ယူဆထားကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် လုပ်ကိုင်စဉ် ရှောင်တခင်ခွင့်၊ ပြန်တမ်းဝင်ရုံးပိတ်ရက်များ ခံစားခွင့်နှင့် သက်သာချောင်ချိရေးခံစားခွင့်များရရှိခဲ့သော်လည်း အလုပ်ရှင်အသစ်ထံတွင် ၎င်းအခွင့်အရေးများမရရှိကြောင်းတွေ့ရှိရသည်။ ၂၀၁၂ခုနှစ်၊ စက်တင်ဘာလရောက်မှလန်းပြိုင်လယ်ရေကြောင်း ကုမ္ပဏီလီမိတက်သို့ လုပ်ငန်းကိုအပြီးရောင်းချသည်ဟုသိရှိရကြောင်း၊ ယင်းကုမ္ပဏီတွင်အလုပ်လုပ်စဉ်က မြန်မာဆိပ်ကမ်းအာဏာပိုင်တွင်ရရှိခဲ့သော အခွင့်အရေးများမရရှိသည့်အပြင် လုပ်ငန်းလျော့ပါးလာသည့်အတွက် ဝင်ငွေများလျော့သွား၍ မိမိတို့နေ့စားအလုပ်သမားများကို လက်လွှတ်စပယ်လွှဲပြောင်းပေးခဲ့ခြင်းကြောင့် လုပ်သက်ရင့်ဝန်ထမ်းများ၏ နစ်နာမှုအပေါ် ခံစားခွင့်ပေးသင့်သည်ဟုယူဆ၍ လက်ရှိပြဋ္ဌာန်းလာသည့် အလုပ်သမားဥပဒေများအရ နောက်ကြောင်းပြန်၍ နစ်နာမှုကို တောင်းဆိုခြင်းဖြစ်ကြောင်းတွေ့ရှိရသည်။ မြန်မာဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ကုန်တင်/ ကုန်ချအလုပ်သမားများအား နေ့စား/နေ့ရှင်းဖြင့်ခန့်ထားခြင်းဖြစ်သည်။ လန်းပြိုင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းခဲ့သော အမြဲတန်းဝန်ထမ်း(၃၇၅)ဦးအားလုပ်သက်အလိုက် အငြိမ်းစားလစာနှင့် လုပ်သက်အလိုက် ဆုကြေးများပေးပြီးတင်ပြလာသည့် ကုန်တင်/ကုန်ချဝန်ထမ်း ရေစက်မောင်း(၃)ဦး၊သင်္ဘောလုံခြုံရေး(၁၄)ဦး အပါအဝင်နေ့စားလုပ်သားများကို မူခံစားခွင့်မရှိသည့်အတွက် မည်သည့်အကျိုး ခံစားခွင့်မှမပေးခဲ့ပေ။

တည်ဆဲ အလုပ်သမားဥပဒေအရ နေ့စားဝန်ထမ်းများအား အလုပ်ရပ်စဲခြင်း၊ ပိုင်ရှင်လွှဲပြောင်းခြင်းတို့အတွက် တစ်စုံတစ်ရာခံစားခွင့်ပေးရန် ပြဋ္ဌာန်းထားခြင်းမရှိကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် မြန်မာဆိပ်ကမ်းအာဏာပိုင်အနေဖြင့် နေ့စားအလုပ်သမားများကို အခြားနေ့စားများနည်းတူ ခံစားခွင့်ပေးခဲ့ခြင်း မရှိကြောင်းတွေ့ရှိရသည်။

**သုံးသပ်ချက်အမှတ်(၂)။** တောင်းဆိုသည့်အလုပ်သမား (၁၀၈)ဦးအနက် လုပ်သက်အများဆုံး (၃၅)နှစ်နှင့် လုပ်သက်အနည်းဆုံး(၈)နှစ်ရှိ နေ့စားဝန်ထမ်းများ အနေဖြင့် လက်ရှိကုမ္ပဏီတွင်ခံစားခွင့် လျော့နည်း၍ လုပ်ငန်းပမာဏလျော့ကျပြီး ဝင်ငွေလျော့နည်းသွားခြင်းကြောင့် ရေရှည်ဘဝရပ်တည်ရေး အခက်အခဲရှိနိုင်သဖြင့် နှစ်ရှည်လုပ်ကိုင်ခဲ့သည့် အလုပ်ရှင် မြန်မာဆိပ်ကမ်းအာဏာပိုင်မှ ၎င်းတို့၏အကျိုးခံစားခွင့်ကို ပေးရန်တာဝန်ရှိသည်ဟုယူဆပြီး တောင်းဆိုခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ လက်ရှိအခြေအနေမှာ လန်းပြိုပင်လယ်ရေကြောင်းကုမ္ပဏီတွင် ဆက်လက်လုပ်ကိုင်ခွင့်ရသည့်အတွက် အလုပ်လုပ်ပိုင်ခွင့်သည် စဉ်ဆက်မပြတ်ခံစားခွင့်ရှိသည်ဟု သုံးသပ်ရရှိသည်။ထို့ကြောင့်အလုပ်သမားများသည် မြန်မာဆိပ်ကမ်းအာဏာပိုင်မှ အလုပ်ထုတ်ခံရသည်ဟု ယူဆရန်အကြောင်းမရှိပေ။

**သုံးသပ်ချက်အမှတ်(၃)။** ဆိပ်ကမ်းအာဏာပိုင် လက်ထက်တွင်ရရှိသည့် ရှောင်တခင်ခွင့်၊မြန်တမ်းဝင်ရုံးပိတ်ရက် ခံစားခွင့်များကို အလုပ်သမားများ၏တင်ပြတောင်းဆိုချက်ကြောင့် လန်းပြိုပင်လယ်ရေကြောင်းကုမ္ပဏီမှ ၂၀၁၃ ခုနှစ်၊ပထမ(၆)လပတ် အတွက်ခံစားခွင့်များကို ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရသည်။ နောင်တွင်လည်းထိုခံစားခွင့်များကို ဆက်လက်ပေးမည်ဟု လန်းပြိုပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက် အရာရှိမှထွက်ဆိုသွားသည်။ ထို့ကြောင့် မြန်မာဆိပ်ကမ်းအာဏာပိုင်အနေဖြင့် အလုပ်ထုတ်ခဲ့ခြင်းမရှိဘဲ နိုင်ငံတော်မူဝါဒအရ အလုပ်ရှင်အသစ်ထံသို့လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်အတွက် ယခင်ရရှိမြဲအခွင့်အရေးများကိုဆက်လက်ပေးရန်မှာ အလုပ်ရှင်အသစ်ထံတွင်သာ တာဝန်ရှိမည်ဖြစ်သည်။ နစ်နာမှုကိုတင်ပြသည့် အလုပ်သမား(၁၀၈)ဦးတွင် လုပ်သက်ရင့်ဝန်ထမ်းများပါရှိသော်လည်း နေ့စား/နေ့ရှင်းလုပ်သားများဖြစ်ခြင်း၊ မြန်မာဆိပ်ကမ်းအာဏာပိုင်မှ အလုပ်ထုတ်ခြင်းမဟုတ်ဘဲအလုပ်ရှင်အသစ်ထံသို့ ကာလပိုင်းခြားမှုမရှိဘဲ လုပ်ငန်းခွင်တူ၊ လုပ်ငန်းသဘာဝတူ၊ အလုပ်အမျိုးအစားတူ ဝန်ထမ်းများကိုလွှဲပြောင်း

ပေးခဲ့ခြင်းသာဖြစ်သဖြင့် တစ်စုံတစ်ရာ နစ်နာကြေးပေးရန် တာဝန်မရှိ ဟုသုံးသပ်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၉၇/၂၀၁၃) ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးရွှေအောင် | ဦးစိုးညွန့် | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |